


# ၁၀၀ ပြောနည်း

# စီးပွားရေးလုပ်ငန်းသုံး အင်္ဂလိပ်စာ

စာနည်း(My Way!)

အခွင့်အလမ်း စာအုပ် (၃၄)

## 1. INTRODUCE YOURSELF FORMALLY (မိမိကိုယ်ကို ကိုယ်တိုင် မိတ်ဆက်ပေးခြင်း)

I’d like to introduce myself

I’d like to introduce myself. I’m Jack Todd from Dynacore.

ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးချင်ပါတယ်။ ကျွန်တော်ကတော့ Dynacore မှ Jack Todd ဖြစ်ပါတယ်။

Let me introduce myself

Let me introduce myself. Dr Steve Perkins.

ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးပါရစေ။ ဒေါက်တာ Steve Perkins ပါ။

My name is

My name is Helen Byrne. I run the HR division.

ကျွန်မနာမည် Helen Byrne ဖြစ်ပါတယ်။ ကျွန်မ လူ့စွမ်းအားဌာနကို ကိုင်တွယ်ပါတယ်။

Nice to meet you

Nice to meet you. John Bloor. We spoke on the phone last week.

တွေ့ရတာ ဝမ်းသာပါတယ်။ John Bloor ပါ။ ပြီးခဲ့တဲ့ တစ်ပတ်က ကျွန်တော်တို့ ဖုန်းနဲ့ စကားပြောခဲ့ကြပါတယ်။

I’m delighted to meet you.

I’m delighted to meet you. My name is Jeffers.

အခုလို တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်တော့်နာမည် Jeffers ပါ။

*

## 2. INTRODUCE YOURSELF LESS FORMALLY (မိမိကိုယ်ကို ကိုယ်တိုင် မိတ်ဆက်ပေးခြင်း)

I’m

I’m Jack, Susan’s cousin.

ကျွန်တော် Jack ပါ။ Susan ရဲ့ မောင်ဝမ်းကွဲပါ။

Hi

Hi. Nice to meet you. I’m Susan but everyone calls me Sue.

ဟိုင်း။ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မ Susan ပါ။ ဒါပေမဲ့ အားလုံးကတော့ Sue လို့ပဲ ခေါ်ကြပါတယ်။

Hello

Hello. Sam Patrick from Sales.

ဟယ်လို။ အရောင်းဌာနက Sam Patrick ပါ။

Jack

Jack, from Geneva.

ဂျနီဗာမြို့က Jack ပါ။

How are you?

How are you today? I’m Liz.

ဒီနေ့ နေကောင်းလား။ Liz ပါ။

*

## 3. REPLY TO A FORMAL INTRODUCTION (အတည်အခန့် မိတ်ဆက်မှုကို တုံ့ပြန်ခြင်း)

Nice to meet you

Nice to meet you, Colonel Wrigley.

တွေ့ရတာ ဝမ်းသာပါတယ်။ ဗိုလ်မှူးကြီး Wrigley ပါ။

Pleased to meet you.

Pleased to meet you, Angela. I'm Dr Slithers.

တွေ့ရတာ ဝမ်းသာပါတယ် Angela။ ကျွန်တော်က ဒေါက်တာ Slithers ပါ။

I'm delighted to meet you.

I'm delighted to meet you. Welcome to London.

တွေ့ရတာ ဝမ်းမြောက်မိပါတယ်။ လန်ဒန်မြို့မှ ကြိုဆိုပါတယ်။

My Pleasure

My Pleasure. Have you had a good trip?

ဝမ်းသာပါတယ်။ လမ်းပန်းသာရဲ့လား။ (လေယာဉ်၊ ရထား စီးရတာ

အဆင်ပြေရဲ့လား)

It’s an honour

It’s an honour, ambassador.

အခုလိုတွေ့ရတာ ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာပါ သံအမတ်ကြီး ခင်ဗျား။

(မိမိထက် ရာထူး၊ အဆင့်အတန်း၊ ဂုဏ်ဒြပ် ကြီးမားသူတို့နှင့် တွေ့ရသည့်အခါ နှိမ့်ချ ပြောဆိုခြင်း တစ်မျိုး ဖြစ်သည်။)

*

## 4.REPLY TO AN INFORMAL INTRODUCTION (ပေါ့ပေါ့ပါးပါး မိတ်ဆက်မှုကို တုံ့ပြန်ခြင်း)

Hi

Hi. I’m Sam

ဟုတ်ကဲ့။ ကျွန်တော် Sam ပါ။

Hello

Hello. Andrew Damson.

ဟယ်လို။ Andrew Damson ပါ။

Nice to get to meet you too Nice to get to meet you too. I’m Sarah.

ကျွန်မလည်း တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မ Sarah ပါ။

Lovely to meet you

Lovely to meet you. Would you like a drink?

တွေ့ရတာ ဝမ်းသာပါတယ်။ တစ်ခုခု သောက်ပါလား။

How are you?

How are you? It’s good to get to know you at last!

နေကောင်းလား။ နောက်ဆုံးတော့ အခုလို ခင်ဗျားနဲ့ သိကျွမ်းရတာ ကောင်းပါတယ်။

*

# 5. INTRODUCE YOURSELF BEFORE A SPEECH (မိန့်ခွန်းမပြောခင် မိမိကိုယ်ကို မိတ်ဆက်ခြင်း)

I am

I am Dr. Jack Smith from Barcelona. I work at our R and D facility.

ကျွန်တော်ကတော့ ဘာစီလိုနာမြို့မှ ဒေါက်တာ Jack Smith ပါ။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ သုတေသနနဲ့ ဖွံ့ဖြိုးမှုဌာနမှာ လုပ်ပါတယ်။

I'd like to introduce myself

I'd like to introduce myself. I am Steve Platt, Chief of Maintenance/

ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးချင်ပါတယ်။ ကျွန်တော်ကတော့ ပြုပြင်ထိန်းသိမ်းရေးဌာနအကြီးအကဲ Steve Platt ဖြစ်ပါတယ်။

Let me introduce myself

Let me introduce myself. Tom Salinger.

ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးပါရစေ။ Tom Salinger ပါ။

My name is

My name is John Styles. I run Riversofts European operations.

ကျွန်တော့်နာမည်က John Styles ပါ။ Riversoft ကုမ္ပဏီရဲ့က ဥရောပ လုပ်ငန်းတွေကို ကွပ်ကဲပါတယ်။

I'm called

I'm called Roberta Woodall. Robbie to my friends.

ကျွန်တော်က Roberta Woodall လို့ ခေါ်ပါတယ်။ သူငယ်ချင်းတွေကတော့ Robbie လို့ပဲ ခေါ်ပါတယ်။

*

## 6.INTRODUCE PEOPLE TO THE PUBLIC (ပရိတ်သတ်နှင့် တစ်ယောက်ယောက်ကို မိတ်ဆက်ပေးခြင်း)

This is

This is Amy Stevens.

ဒါကတော့ Amy Stevens ပါ။

May I introduce?

May I introduce Sally Young? Sallys our PR officer.

Sally Young နဲ့မိတ်ဆက်ပေးပါရစေ။ Sally က ကျွန်တော်တို့ရဲ့ ဆက်ဆံရေး အရာရှိပါ။

Let me introduce

Let me introduce John Oats. He will be joining our sales team.

John Oatsနဲ့ မိတ်ဆက်ပေးပါရစေ။ ကျွန်တော်တို့ အရောင်းအဖွဲ့နဲ့ ပူးပေါင်းပါလိမ့်မယ်။ (အဖွဲ့ဝင် အသစ် အနေနဲ့ ပါဝင်)

I’d like you to meet

I’d like you to meet Dr Li. She’s the Head Surgeon at BC Hospital.

ဒေါက်တာ Li နဲ့ မိတ်ဆက်ပေးချင်ပါတယ်။ သူမ ဟာ BC ဆေးရုံရဲ့ ခွဲစိတ်ဆရာဝန်အုပ် ဖြစ်ပါတယ်။

Have you already met Maria Jones?

Have you already met Maria Jones? She runs the Moscow office.

Maria Jones နဲ့ ဆုံဖြစ်ကြပြီးပြီလား ခင်ဗျာ။ သူမက မော်စကိုရုံးကို တာဝန်ခံပါတယ်။

*

# 7. SAY HELLO (နှုတ်ဆက်ခြင်း)

Hi

Hi, John.

ဟိုင်း John ။

Hello

Hello. May I come in?

ဟယ်လို။ ကျွန်တော် ဝင်လာလို့ရမလား။

How are you?

How are you, Betsy?

နေကောင်းလား Betsy ။

Good Morning

Good Morning, Mr. Hendricks.

မင်္ဂလာနံနက်ခင်းပါ Mr. Hendricks ။

Nice to see you

Nice to see you again, Paul.

ထပ်တွေ့ရတာ ဝမ်းသာပါတယ် Paul ။

*

## 8. SIGNAL THE START OF A SPEECH (အမှာစကား၊ မိန့်ခွန်း စတင်ပြောကြားဖို့ အချက်ပြခြင်း)

Right. Shall we start?

Right, Ladies and Gentlemen. Shall we start with our presentation?

ဟုတ်ကဲ့ လူကြီးမင်းများ ခင်ဗျား။ ကျွန်တော်တို့ရဲ့ တင်ပြမှုကို စလိုက်ကြရအောင်လား။

OK. Let’s get going.

OK everybody. Let’s get going. We only have twenty minutes.

ကဲ အားလုံးပဲ ခင်ဗျာ။ စကြပါစို့။ ကျွန်တော်တို့ မိနစ် ၂၀ ပဲ အချိန်ရပါတယ်။

Right then. We are ready

Right then. We are ready. The first point in the agenda is cost cutting.

ကောင်းပါပြီ။ အဆင်သင့် ဖြစ်နေပါပြီ။ ဒီအစီအစဉ်ရဲက ပထမဦးဆုံးအချက်ကတော့ ကုန်ကျစရိတ် ဖြတ် တောက်ခြင်းပဲ ဖြစ်ပါတယ်။

Is everybody already here?

Fine. Is everybody already here? Let’s get on then.

ကောင်းပါပြီ။ လူစုံပြီလား။ စလိုက်ကြပါစို့။

Time to begin

Well, Time to begin. We’ll set off with an outline/

ကောင်းပါပြီ။ စဖို့အချိန်ကျပါပြီ။ မူကြမ်းတစ်ခုနဲ့ စပါမယ်။

*

## 9. START A MEETING (အစည်းအဝေးစတင်ခြင်း)

Let’s get started.

Let’s get the meetings started. John, would you like to begin?

အစည်းအဝေး စလိုက်ကြပါစို့။ John ခင်ဗျား စပြောမယ် မဟုတ်လား။

We need to discuss

We need to discuss whether this company needs two factories.

ကုမ္ပဏီက စက်ရုံ နှစ်ခုလို၊ မလို ကျွန်တော်တို့ ဆွေးနွေးဖို့ လိုအပ်တယ်။

We will talk about

We will talk about the hazards involved in our Gulf of Mexico drilling.

ကျွန်တော်တို့ မက္ကဆီကို ပင်လယ်ကွေ့ (ရေနံ) တွင်းတူးခြင်းနဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်တွေ အကြောင်း ဆွေးနွေးမှာ ဖြစ်ပါတယ်။

What brings us here?

What brings us here today? The hope of finding solutions.

ဒီနေ့ ကျွန်တော်တို့ ဒီကို ဘာကြောင့် ရောက်လာကြတာလဲ။

နည်းလမ်းရှာနိုင်ဖို့မျှော်လင့်ချက်တွေကြောင့်ပါ။

We will study

We will carefully study all the projects that we’re brought forward.

ကျွန်တော်တို့ တင်ပြထားတဲ့ စီမံကိန်းတွေ အားလုံးကို ဂရုတစိုက် လေ့လာသွားမှာပါ။

*

## 10.INTRODUCE A SUMMARY (အကျဉ်းချုပ်အား မိတ်ဆက်ခြင်း)

To put it briefly

To put it briefly, we have a problem with sales.

အတိုချုပ် ပြောရရင် အရောင်းနဲ့ ပတ်သက်တဲ့ ပြဿနာတစ်ခု ရှိနေပါတယ်။

In a few words

In a few words, Chandler is leaving the company.

တိုတိုပြောရရင် (စကားလုံးနည်းနည်းနဲ့ ပြောရရင်) Chandler က ကုမ္ပဏီမှ ထွက်ပါတော့မယ်။

In a nutshell

In a nutshell, the contract will be finished next month.

အကျဉ်းပြောရရင် နောက်လမှာ စာချုပ် သက်တမ်း ပြည့်ပါတော့မယ်။

To summarise

To summarise, we face an imminent strike in our Heathrow facilities.

အတိုချုပ်ရရင် ကျွန်တော်တို့ရဲ့ ဟီးသရိုးဝန်ဆောင်မှုမှာ သပိတ်မှောက်မယ့် အလားအလာနဲ့ ရင်ဆိုင်နေရ တယ်။

It all comes down to

It all comes down to Sams behavior at the warehouse.

ပြောရရင်တော့ (သတ္တုချရရင်တော့) ဒါတွေ အားလုံးဟာ ဂိုထောင်မှာ ဖြစ်ခဲ့တဲ့ Sam ရဲ့ အပြုအမူတွေ ကြောင့်ပဲ ဖြစ်တယ်။

*